www.burmeseclassic.com

# ပုဂံခေတ်

# အလှူဆိုင်ရာဆုတောင်းနှင့်ကျိန်စာများ



BURMESE CLASSIC .com

မင်းဆွေ

(ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်** - [၃၂၀၈၃၈၀၅၁၁]
**မျက်နှာဖုံးခွင့်ပြုချက်** - [၃၂၀၀၇၄၀၆၀၂]

●

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ

●

**အုပ်ရေ** - ၁၀၀၀

●

**မျက်နှာဖုံးပုံနှိပ်သူ**
မြင့်သိင်္ဂီပုံနှိပ်တိုက်၊ ဒေါ်မြင့်မြင့်တင်
အမှတ်-(၂၀၈)၊ ၃၀-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

●

**အတွင်းပုံနှိပ်သူ**
ဒေါ်ခင်ခင်ဝင်း 'ကလျာပုံနှိပ်တိုက်'
အမှတ်-၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ။

●

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် 'ချိုတေးသံစာပေ'
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)။

●

**တန်ဖိုး**
၅၀၀ ကျပ်


BURMESE CLASSIC .com

# ရေးဟောင်းကျောက်စာများမှ

# "အလှူဆိုင်ရာဆုတောင်းနှင့် ကျိန်စာများ"

မင်းဆွေ
(ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ငါမင်းကျည်သင်ကျောက်စာ | ၁ |
| ၂။ | အိုနသင်ကျောက်စာ | ၂ |
| ၃။ | သင်ကြီးဆရာကျောက်စာ | ၃ |
| ၄။ | စောမွန်သင်ကျောက်စာ | ၄ |
| ၅။ | နားတောင်းမျှားမင်းကြီးကျောက်စာ | ၅ |
| ၆။ | မင်းဖွားအို့ရောက်လွှယ်ကျောက်စာ | ၆ |
| ၇။ | စောမင်းလတ်ဘုရားကျောက်စာ | ၇ |
| ၈။ | မနူဟာဘုရားကျောက်စာ | ၈ |
| ၉။ | ကွန်းကတင်ဘုရားကျောက်စာ | ၁၀ |
| ၁၀။ | နားတောင်းတပ်ဘုရားကျောက်စာ | ၁၁ |
| ၁၁။ | ပုဂံရွှေကျောင်းအရှေ့ကျောက်စာ | ၁၂ |
| ၁၂။ | သူကြွယ်ငစေသင်ဘုရားကျောက်စာ | ၁၃ |
| ၁၃။ | ရွှေဂူဘုရားကျောက်စာ | ၁၄ |
| ၁၄။ | ငမျှင်သင်ကျောက်စာ | ၁၅ |
| ၁၅။ | ငရဲသင်ကျောက်စာ | ၁၆ |
| ၁၆။ | ငရောက်စသောသူတို့ကျောက်စာ | ၁၇ |
| ၁၇။ | အိုန်ရောက်သင်ကျောက်စာ | ၁၈ |
| ၁၈။ | စိုးမင်းကြာသဝတ်လင်မယားကျောက်စာ | ၁၉ |
| ၁၉။ | ငမိုသင်လင်မယားကျောက်စာ | ၂၀ |
| ၂၀။ | မင်းဆရာဓမ္မရာဇကောဝိကျောက်စာ | ၂၁ |
| ၂၁။ | သမန္တပတေ့လင်မယားကျောက်စာ | ၂၂ |
| ၂၂။ | သူကြွယ်ဥပကုတ်ကျောက်စာ | ၂၃ |
| ၂၃။ | တရုတ်ပြေးမင်းကြီး၏အမတ်ကျောက်စာ | ၂၃ |
| ၂၄။ | စတုရင်္ဂဗိငယ်သမီးမောင်နှံကျောက်စာ | ၂၅ |
| ၂၅။ | သိခင်မဟာဓိတိလောကရင်သိကျောက်စာ | ၂၆ |
| ၂၆။ | သတင်းသည်အပယ်ငယ်ကျောက်စာ | ၂၇ |
| ၂၇။ | မင်းအိမ်ကြီးကျောက်စာ | ၂၈ |
| ၂၈။ | သိခင်ရာဇာသူနှင့် အမိဖွားတောကျောက်စာ | ၂၉ |
| ၂၉။ | သူကြွယ်ကြွမ်သင်ကျောက်စာ | ၃၀ |
| ၃၀။ | သိခင်ကုနကမ္ဘိကျောက်စာ | ၃၁ |
| ၃၁။ | စစ်သူကြီးလက်ဝဲအမတ်ကြီးကျောက်စာ | ၃၂ |
| ၃၂။ | စစ်သူကြီးတုရင်ကပိုကျောက်စာ | ၃၄ |
| ၃၃။ | သူကြွယ်မငသယ်သင်မယားကျောက်စာ | ၃၅ |
| ၃၄။ | ဆုံသည်အိမ်ကန်တူကျောင်းကျောက်စာ | ၃၆ |
| ၃၅။ | ကျောင်းသည်ပြည့်ညီလင်မယားကျောက်စာ | ၃၇ |
| ၃၆။ | မဟာအနာထပိန်သူဌေးကျောက်စာ | ၃၈ |
| ၃၇။ | မိဖုရားအိမ်ပြည့်သင်ကျောက်စာ | ၃၉ |
| ၃၈။ | ရတနသကြီမယားကျောက်စာ | ၄၀ |
| ၃၉။ | ဖုမ္မသိဒ္ဓိစသောသူတို့ကျောက်စာ | ၄၁ |
| ၄၀။ | ခင်မွန်တောကျောင်းကျောက်စာ | ၄၂ |
| ၄၁။ | ကိုးကားကျမ်းစာရင်း | ၄၃ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## “ မင်းဘူးအောင်ကြိုင်အမှာစာ ”

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးတွင် ပြသရန်စိုက်ထူထားသော ကျောက်စာများမှာ ဘာသာ(၆)မျိုးရှိပါသည်။ ယင်း(၆)မျိုးမှာ ပျူဘာသာ၊ ပါဠိဘာသာ၊ မွန်ဘာသာ၊ မြန်မာဘာသာ၊ တရုတ်ဘာသာ၊ ယိုးဒယားဘာသာ တို့ဖြင့်ရှိကြပါသည်။

စာအားဖြင့် ကျောက်စာများမှာ ပထမဆုံးတန်တွင် “နမောဗုဒ္ဓါ၊ နမောတဿ၊ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမောသဗ္ဗ ဧ ညာယ” ဟူ၍လည်းကောင်းရေးပြီး ခုနှစ်သက္ကရာဇ်၊ လ၊ ရက်တို့ကို အသေးစိတ်ဖော်ပြ၍ ကောင်းမှုရှင်၏ အမည်နာမ ပြုလုပ်သော ကောင်းမှုကုသိုလ်များ၊ လှူဒါန်းသော ကောင်းမှုကုသိုလ်တော်၊ ဘုရားပုထိုးစေတီများ၊ ရေရှည်ခံနိုင်စေရန်နှင့် သာသနာ ငါးထောင်တည်တံ့နိုင်မြဲစေရန်အတွက် ဖျက်ဆီးမည့်သူများ မဖျက်ဆီးရဲအောင် အမျိုးမျိုးကျိန်ထားပုံ၊ ၎င်းတို့၏ ကောင်းမှုကုသိုလ်များကို ထပ်မံပြုပြင်ပါက ဆုတောင်းပေးပို့ပုံတို့ကို ပုဂံရှေးဟောင်း သုတေသနမှ ဦးမင်းဆွေ (သုတေသနအရာရှိ) အားထုတ်တင်ပြထားသည်မှာ အဓိပ္ပါယ်ရှိလှပါသည်။

ရှေးဟောင်းဒေသများကို အချို့ကတူးဖော်ကြခြင်း၊ ရှေးဟောင်း အဆောက်အဦးများအချို့ကို အဆောက်အဦးသစ်များကပ်၍ဆောက်ပြီး ဖုံးကွယ်ကြခြင်း၊ ရှေးဟောင်းပစ္စည်းများကို ငွေမျက်နှာကြည့်ပြီးပြည်ပသို့ ခိုးထုတ်ကြခြင်းများရှိနေကြပါသည်။ ထိုအန္တရာယ်ကိုကာကွယ်ရန် ရည်ရွယ်ပါသည်။ အချို့ကလည်းမသိ၍ ပြစ်မှားကြပါသည်။ ရှေးဟောင်း ဒေသ၊ ရှေးဟောင်းအဆောက်အဦးများ၊ ရှေးဟောင်းပစ္စည်းများကို တူးဖော်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးထုတ်ခြင်းမပြုရန် ပညာပေးသည့်သဘော ဖြစ်စေရန်အတွက်လည်းကောင်း၊ တူးဖော်ရန်၊ ဖျက်ဆီးရန်၊ ခိုးထုတ်ရန် ကြံရွယ်နေသူများအား ပိုမိုနားလည်သိရှိစေရန်အတွက် လည်းကောင်း၊ ရပ်တန်းကရပ်သွားစေရန်အတွက် လည်းကောင်း၊ ဗဟုသုတရဖွယ် တင်ပြပေးသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

မင်းဘူးအောင်ကြိုင်

www.burmeseclassic.com

www.burmeseclassic.com

## "စာရေးသူ၏အမှာ"

ဤစာအုပ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှထုတ်ဝေခဲ့သော ရှေးဟောင်းမြန်မာကျောက်စာ စာအုပ်အတွဲများမှ ကျောက်စာအချို့တွင်ပါရှိသော "ဆုတောင်းနှင့်ကျိန်စာများ" ကို အလေးထား၍ ယခုခေတ်သုံးမြန်မာအက္ခရာဖြင့် ပြန်လည်၍ ပြုစုရေးသားထားခြင်းဖြစ်ပါသည်။ အလှူရှင်အမည်၊ အလှူပြုသည့်နှစ်၊ အလှူပြုသောစာရင်းများကို အကျဉ်းမျှ ဖော်ပြထားပါသည်။

ယခုအခါ ပုဂံတွင် အများပြည်သူတို့၏ အလှူငွေများဖြင့် ဘုရားများပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ ဤစာအုပ်တွင်ပါရှိသော "ဆုတောင်းနှင့်ကျိန်စာ"များကို ဖတ်ရှု၍ မူလအလှူရှင်တို့၏ သာသနာ ၅၀၀၀ တည်ရစ်စေရန် ရည်ရွယ်ချက်ကြီးမားမှုကို အလွယ်တကူ သိရှိကြရမည်ဖြစ်ပါသည်။ ထိုနည်းအတူ မိမိတို့အလှူငွေဖြင့် ပြုပြင်မွမ်းမံသော ဘုရားအတွက်လည်း ကြည်ညိုသဒ္ဓါပွားကြမည်ဟု ယုံကြည်မိပါသည်။

ထို့အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးထိန်းသိမ်းရမှန်းမသိသော မသမာသူများလည်း ဖတ်ရှုမိပါက ကြီးလေးသောအပြစ်ကိုမြင်၍ ဆင်ခြင်နိုင်ဖွယ် ဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်ပါသည်။

ဤစာအုပ်ငယ်တွင် အမှာစာရေးသားချီးမြှင့်ပေးခဲ့သော ဆရာမင်းဘူးအောင်ကြိုင်နှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော ဆရာမောင်ကြည်ပန်း (မြင်းကပါ) တို့အား ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မင်းဆွေ (ရှေးဟောင်းသုတေသန)



## " ငါမင်းကျည်သင်ကျောက်စာ "

သက္ကရာဇ်(၅၁၃)ခုနှစ်တွင် အလှူရှင်ငါမင်းကျည်သင်သည် မိမိ၏ကောင်းမှုဖြစ်သော ဘုရားအတွက် ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါလှူသောဘုရားကျွန်ကို ဖျက်ဆီး သောသူကား မြေကမ္ဘာ ဘာအထက် အယင်ကား အောက် ဖြစ်စေသတည်း။ ဘုန်းမကြီး အသက်မရှည် စေသနည်း။ ဘုရားအဖြစ် ဖြစ်လျှင် လည်း မပါစေသတည်း ···ငါကား ဘုရားဆုလိုသတည်း။"

(မကွေးခရိုင်၊ စလေမြို့နယ်၊ ဆားလယ်ရွာတောင်ကျောင်းရှေ့ တစ်ဖာလုံကွာသိမ်ဘုရားဦးရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " အိုနုသင်ကျောက်စာ "

သက္ကရာဇ်(၅၄၄)ခုနှစ်တွင် အိုနှသင်၊ အိုနှသမီးအိုဖုံမ်တို့သည် ဘုရားအတွက် ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ငါကား အရိမေတ္တေယျဘုရားသခင်ထံ ဗျာဒိတ်ရ၍ သဗ္ဗဝါခမ်သိမ်းသောကို သံသရာဆိုးရဲမှ ကယ်ပေးတတ်သော ဖြစ်လိုသောတည်း။ နှစ်လိုပါသော သူတကာတို့လည်း စည်းစိမ်သုံးပါး ရရှိ ကုန်သောတည်း။ ငါပြုသော (ကို) ဖျက်သောသူကား အဝီစိငရဲလားအံ့ သောတည်း။

(ယခုမန္တလေးနန်းတွင်း ကျောက်စာအမှတ်(၂၁)ဖြစ်သည်။)

BURMESE CLASSIC .com



## " သင်ကြီးဆရာကျောက်စာ "

သက္ကရာဇ်(၅၅၀)ခုနှစ်တွင် အလှူရှင်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ရည်စူး၍ အလုပ်အကျွေးပြုရန် ကျွန်(၂၃)ယောက်ကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဘုရားတရားသံဃာ ရတနာသုံးပါး ငါပေးသောကား ငါတောင်းသောဆု သဗ္ဗညုတဉာဏ်အဖြစ် ငါရလိုသောတည်း။ ဤကျွန် ငါလှူသောကား သံသရာဆိုးငရဲလက်တွင်းမှ ငါလွတ်လိုသောတည်း။ အဖြစ်အစဉ့်စဉ့်လည်း ဘုရားတရား သံဃာ ရတနာသုံးပါးသော အားမမေ့မလျော့သောကို ဖြစ်လို၏။ ငရဲတပ်အပ်သောအမှုကား ကျွန်တတ်လို၏။ ဤနှစ်လိုပါသော တို့ကား အယင်လိုလိုသောဆုသည် .....ပြည့်စေ၏။ ငါမှုသော အမှုကို ဖျက်ဆီးမှုကား မယား လည်းကောင်း၊ သားလည်းကောင်း မြေးလည်းကောင်း ညီလည်းကောင်း အဆွေအမျိုးလည်းကောင်း သူတစ်ပါးလည်းကောင်း ဖျက်စီး ညှင်းဆဲမှုကား ငရဲအဝီစိကားအထက် အယင်တို့ကား အအောက် ကျက်စေသောတည်း။ ဘုရားသခင် မြေပုံအလုံးမျှ ဖြစ်မှုလည်း မဖူးစေ မမြင်စေ မကျွတ်စေသောတည်း။"

(ပုဂံမြို့ မဟာဗောဓိဘုရားတံတိုင်းအတွင်းမှတဆင့်ရ၍ ယခုပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ရှိသည်။)

---

အယင် = အကြင်

www.burmeseclassic.com

www.burmeseclassic.com



## " စောမွန်သင်ကျောက်စာ "

သက္ကရာဇ်(၅၅၄)ခုနှစ်တွင် အလှူရှင်စောမွန်သင်သည် သံသရာဆင်းရဲမှ လွတ်မြောက်လိုသောကြောင့် အာမနာမည်သော ကန်၏အဝှမ်း၌အုတ်အတိပြုသော တံတိုင်းအတွင်းကျောင်းဆောက်လှူဒါန်းခဲ့သည်၊ ထိုမွန်သင်သမီးစေတီအတွက်လည်း လယ်များ၊ ကျွန်များကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ငြိငါလှူသောကောင်းမှုကို ဖျက်ဆီးလုယက်သောသူကား အနာများသော၊ ဆင်းရဲဝေဒနာကြီးသော မျက်စိကန်းသော ကုန်းကွသော နူဝဲသောက စသည်ကားဖျက်ဆီးသောသူ၌ ရောက်စေသတည်း။ ချီးပင့်သောသူကား ငါနှင့်အတူရစေ၏။"

(ပုဂံမြို့ မင်းနန်းသူရွာ၊ တပ်ကလေးဘုရား၌ရှိသည်။)



## " နားတောင်းများမင်းကြီးကျောက်စာ "

သက္ကရာဇ်(၅၇၅)ခုနှစ်တွင် အလှူရှင်နားတောင်းများမင်းကြီးသည် မဟာထီးကျောင်းအရပ်၌ ကျောင်းအတွက် လယ်များ လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ငြိငါ့အလှူကို ဆောင်မချင်သောသူကား လူ့စည်းစိမ် နတ်စည်းစိမ် နိဗ္ဗာန်စည်းစိမ်လျှင် ရလေစေကုန်သတည်း။ ငြိငါ့အလှူကို ဖျက်ဆီးသောသူကား သတ္တဝါဖြစ်သော်လည်း အမွေးမဲ့ အရေးမဲ့ ဖြစ်စေကုန်သတည်း။ လူဖြစ်သော်လည်း ဘုရားအဖြစ် ဖြစ်ချွတ်၍ မကျွတ်နိုင်သော လူမြိတ္ထာလျှင် ဖြစ်စေကုန်သတည်း။"

(ပုဂံမြို့ မြင်းကပါရွာ၊ ဂူပြောက်ငယ် (မဟာဗိ) ဘုရားအနောက်မုခ်၌ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " မင်းဖွားအို့ရောက်လွှယ်သင်ကျောက်စာ "

သက္ကရာဇ်(၅၉၂)ခုနှစ်တွင် အလှူရှင်မင်းဖွားအို့ရောက်လွှယ်သင်သည် သခင်မဂ်လာထေရ်ဘုရားအတွက် ဥယျာဉ်နှင့် ကျွန်များကို လှူဒါန်းခဲ့သည်။ ထို့အပြင် တရင်သက်စိုး၌လည်း သိမ်၊ ဂူ၊ စကြံ တို့အတွက်လည်း ဥယျာဉ်နှင့် ကျွန်များကို ထပ်မံ လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ဤငါ့အလှူကို နောက်အခါ၌ ဖျက်ဆီးရစ်သောသူကား ဘုန်းမကြီးအသက်မရှည်စေသတည်း။ လာလတ်အံ့သော မြေပုံလုံးမျှ ကြွမကသောဘုရား ဘုရား၏တပည့်သားတို့၌လည်း မဖူးရ မမြင်ရစေသတည်း။ အကြွင်သူတော်သားရဟန်း ပုဏ္ဏား ယောက်ျား မိန်းမချီးပင့်ရအံ့ ထိုသူတော်သားတို့လည်း ငါနှင့် ထပ်တူ အလှူအကျိုးကို ရစေကုန်သတည်း။ လူနတ်တကာ သတ္တဝါအားလုံး ဤအကျိုးကို ရပါစေ၏။

(မင်းနန်းသူရွာ၊ သမ္ဗုလဘုရားအရှေ့မြောက် ကိုက်(၁၀၀)ခန့် မဂ်လာထေရ်ဘုရားမှ စတင်တွေ့ရှိ၍ ယခုဘုရားအမှတ်(၂၈၂) ဘိုးကလုန်ဘုရားတွင် (၂)တိုင်အနက် မြောက်ဘက်တိုင် ဖြစ်သည်)



## " စောမင်းလတ်ဘုရားကျောက်စာ "

သက္ကရာဇ်(၅၉၃)ခုနှစ်တွင် အလှူရှင်စောမင်းလတ်သည် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်သောကြောင့် တိုင်းချွတ်ဘုရား၏ အရှေ့ဘက်၌ စေတီနှင့်ဂူ၊ ရဟန်း သံဃာများ သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းအဆောက်အဦးနှင့် လယ်မြေများစွာ လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ဤငါ့အလှူကို လုယက်ဖျက်ဆီးသောသူကား ဤလူ့လက်ထက်တွင်လည်း အပြစ်ရှစ်ပါးရောက်စေသတည်း။ ခန္ဓာပျက်၍ သေခဲ့သော်လည်း သိဉ္ဇိုးငရဲ ကာလသုတ်ငရဲ တာပနငရဲ ပတာပနငရဲ သဃ်တငရဲ ရောရုငရဲ မဟာရောရုငရဲ အဝိစိငရဲ ဤသို့သောငရဲတို့၌လည်း ဒေဝဒတ်ခံ၏ ဒေဝဒတ်ခံသောထက် အဆအရာ အဆအထောင် အဆအသောင်း အဆအသိန်း တပြောင်းပြန်ပြန်ခံစေသတည်း။ ငါ့မြေကိုစားသော ယောက်ျားလည်းကောင်း၊ မိန်းမလည်းကောင်း သေခဲ့သော်အထူလည်းအရက်(၆၀)သွား အလျားအနံ (၆၀)သွားသော ကျောက်ဖျာကြီးတွင်း ခါးရွှေနှစ်လျက်လျက် ရေလည်းမရ အစားလည်းမရ လျှာ ငါးလံထွက်လျှက် ခံစေသတည်း။ ဤငါပြုသောကောင်းမှုကို ချီးပင့်ပါသော ရေမြေစိုးသော မင်းလည်းကောင်း၊ လူဖြစ်သော်ကား လူ့မြတ် နတ်ဖြစ်သော်လည်း၊ နတ်မြတ်ဖြစ်စေသတည်း။ စတုမဟာဒေါ် တာဝတိံသာ ယာမာတုသိတာ နိမာ နရတိပရနိမ္မိတဝသွတ်တိ

www.burmeseclassic.com



ဤနတ်၏ အသက်အတိုင်း နေခဲ့ရှေ့လူ၏ စည်းစိမ်ခံစားပြီးသော် အဆုံး ဖွန်ကား အသိမှတ်သော သူတော်တို့တောင်းတအပ်သော အဖြစ် အိုမင်း သေခြင်း ကွာသောရုပ်နာမ်ချုပ်ရာ သာယာစွာသော နိဗ္ဗာန်ချမ်းသာအား ရောက်စေလျှင်တည်း။

(ပုဂံမြို့ အာနန္ဒာဘုရားမြောက်၊ စောမင်းလတ်ဘုရားမှ
စတင်တွေ့ရှိ၍ ယခုပုဂံမြို့ရှေးဟောင်း
သုတေသနပြတိုက်တွင် ရှိသည်။)

---

မဟာရောရင်ရဲ = မဟာရောရုဝငရဲ



## “ မနူဟာဘုရားကျောက်စာ ”

သက္ကရာဇ်(၄၂၉)ခုနှစ်တွင် အလှူရှင်မနုဟာမင်းကြီးသည် သံသရာအဆက်ဆက် မပြတ်သေသရွေ့ မင်းဖြစ်ခါရန် သူမနိုင်နင်းနိုင်၍ အဆုံးတွင် နိဗ္ဗာန်ကိုရောက်လိုသောကြောင့် မနောမယကျောက်မျက်ရွဲကို မြင်းကပါသူဌေးထံရောင်းပြီး ငွေအသပြာလည်းခြောက်စီရ၍ ဖွယ်တော်ဆိုက်ရာ လောကနန္ဒာ အရှေ့မြောက်စောင်း၌ ငြိမ်ဝေယျာဘုံ ဟုသော ကုန်းတွင် ဘုရားတည်ခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

“ဤငါ့အလှူအကျိုးကို အထက်တဝတ်တိုင်အောင် လူနတ် ပြဟ္မာ သတ္တဝါကိုဝေ၏။ အောက်အဝီစိတိုင်အောင် ဝေ၏။ ဤငါ့ကောင်းမှုကို နှိုးပင့်သော သူကား လူ့စည်းစိမ် နတ်စည်းစိမ်ကို စုန်ဆန်စုန်ဆန် ခံစံပြီးမှ နိဗ္ဗာန်ဆုကိုပြည့်စေသော် ငါ့ကောင်းမှုကို ဖျက်ဆီးအံ့ကား အကမ္ဘာဘာ ဘုရားမဖူးစေသော် ဘုရားတကာ ချွတ်၍ မကျွတ်၊ ပဉ္စာနန္တရိတ်ငရဲကြီး၌ ခံစေသော်။”

(မူလနေရာသည် ပုဂံမြို့မှဖြစ်၍ ယခုမန္တလေးနန်းတွင်းရှိ
ကျောက်စာတိုင်အမှတ်(၉)ဖြစ်သည်။)

---

ပဉ္စနန္တရိတ် = ပဉ္စာနန္တရိယကံ

www.burmeseclassic.com

www.burmeseclassic.com



## " ကွန်းကတင်ဘုရားကျောက်စာ "

သက္ကရာဇ်(၅၃၄)ခုနှစ်တွင် အလှူရှင်သည် စည်သူမင်းကြီး လှူသော ကွန်းကတင်ဘုရားအတွက် မြေအမြောက်အများ လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါ့ကောင်းမှုကို ဖျက်ဆီးသော သူကား ဘုန်းမကြီး ဘုရားမဖူးစေသတည်း။ လုပ်စားရာ ကြံစားရာ မစားရတတ် အငတ်ငတ်လျှင် ဖြစ်စေသတည်း။ ဘုန်းမကြီးစေသတည်း။ အသက်မရှည်စေသတည်း။ မြေပုံလုံးမျှ ကြံမကသော ဘုရားတကာချွတ်၍ မကျွတ်စေသတည်း။ ဤငါ့ကောင်းမှုကို ချီးပင့်သောသူကား ဘုန်းကြီးစေသတည်း။ လုပ်စားရာ ကြံစားရာ ရစေသတည်း။"

(မန္တလေးနန်းတွင်းရှိကျောက်စာတိုင်အမှတ်(၁၃၅)ဖြစ်သည်။)



## " နားတောင်းတပ်ဘုရားကျောက်စာ "

သက္ကရာဇ်(၅၄၇)ခုနှစ်တွင် အလှူရှင်ဖြစ်သော စည်သူမင်းကြီး၏ မိဖုရား ဝေဠုဝတီသည် ကောင်းမှုဖြစ်သော နားတောင်းတပ်ဘုရား အတွက် မြေအမြောက်အများ၊ ကျွန်အမြောက်အများ၊ နွားများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ငါ့ကောင်းမှုကို ဖျက်သောသူကား အမျိုးခုနစ်ဆက် ညက်ညက်ပြုန်းတီး ပျက်ဆီးစေသော် အဝီစိအထဲ ငရဲကျက်၍ အကမ္ဘာဘာ ဘုရားတို့လာ၍ ချွတ်လည်း မကျွတ်တတ်သည့် ငရဲသစ်ငတ်လျှင် ဖြစ်စေသတည်း။ ငါ့ကောင်းမှုကို ချီးပင့်သော သူကား ငါနှင့်ထပ်တူလျှင် ရကြပါစေသတည်း။"

(ပုဂံမြို့ စူဠာမဏိဘုရားမြောက်ဘက် နားတောင်းတပ်ဘုရား (၁၇၄၃)မှရ၍ ယခုပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ပုဂံရွှေကျောင်းအရှေ့ဂူကျောက်စာ "

သက္ကရာဇ်(၅၆၀)ခုနှစ်တွင် အလှူရှင်ဖြစ်သော စစ်သူကြီး စတ္တလက်ပိုသည် သစ်မထီးအရပ်၌ ဂူကျောင်းဆောက်၍ လယ်များနှင့် ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ဤသို့သော ငါ၏ အလှူကောင်းမှုကို လုယက်ဖျက်ဆီးသောသူကား ငရဲကြီးကား(၈)ထပ် ငရဲငယ်ကား(၁၂၈)ထပ် အရပ်၌လျှင် ခံစေသတည်း။ လူလျှင်ဖြစ်လည်း လူကောင်းမဖြစ်စေချင်လျက် တေ်ချင်လျက်လျှင် ဖြစ်စေ သတည်း။ အကမ္ဘာဘာ ဘုရားလျှင် မဖူးစေသတည်း။ ငါ၏ အလှူကောင်းမှုကို ချီးပင့်ပါသော သူကားငါနှင့်ထပ်တူ ရကြပါစေသတည်း။ ငါလည်း ဤသို့သော ကောင်းမှုပြုရသော အကျိုးအားဖြင့်ကား သံသရာ ကျင်လည်ရရာ အပယ်လေးပါး ငရဲ တိရစ္ဆာန် ပြိတ္တာ ပရကာစွ အသူရာ ငရဲကြီး(၈)ထပ် ငရဲငယ်(၁၂၈)ထပ်အရပ်သို့ မလားမူ၍ လူဖြစ်တုံသော်လည်း လူတွင်၌ လူချင်းမတူ အရောင်အဆင်း အလုံးအရပ်လှသော အသံသာသော မချို့တဲ့သောအခြံအရံ စည်းစိမ်ချမ်းသာနှင့်တကွ ဖြစ်ရလို သတည်း။ လူအဖြစ်မှ သေခဲ့သော်လည်း နတ်ရွာ(၉)ထပ်၊ ဗြဟ္မာရွာ (၁၆)ထပ် အရပ်၌ လျှင်ဖြစ်လိုသတည်း။ ဤလူ၏ချမ်းသာ နတ်၏ချမ်းသာနှစ်ပါး ခံစားရပြီးမှကား ရဟန္တာဆု ပစ္စေကဗုဒ္ဓါဆု ဘုရားဆု ဤသုံးပါးသောတွင် ငါလိုလိုသောဆုသည် ပြည့်စုံ၍ နိဗ္ဗာန်ချမ်းသာ ရလိုသတည်း။"

(ပုဂံမြို့ ရွှေကျောင်းအရှေ့ဂူမှ မူလရရှိ၍ယခုမန္တလေးနန်းတွင်းရှိ ကျောက်စာတိုင်အမှတ်(၇၇) ဖြစ်သည်။)

ရဟန္တ = ရဟန္တာ



## " သူကြွယ်ငစေသင်ဘုရားကြီးကျောက်စာ "

သက္ကရာဇ်(၆၀၂)ခုနှစ်တွင် အလှူရှင်ဖြစ်သော ငစေသင်သည် မိမိကောင်းမှုဖြစ်သော ဘုရားအတွက် ကျွန်များအား လှူဒါန်း၍ ကျောင်းအဆောက်အဦးအား ပြန်လည်၍ပြုပြင်မွမ်းမံခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ဤငါပြုသော. . . သဗ္ဗသတ္တဝါ လူနတ်တကာ အားလုံး ရကြပါစေသတည်း။ ဤငါပြုသော ကောင်းမှုကိုချီးပင့်ပါသော သူကား ငါနှင့်အတူ ရကြပါစေသတည်း။ ဤငါပြုသောကောင်းမှုကို ဖျက်သောသူကား လေးသောင်းမြေပုံလုံးမျှ ကြီးမကလျှင် အဝီစိမည်သော ငရဲကြီးတွင် ကျက်စေသတည်း။ အကမ္ဘာ ဘာသော ဘုရားလည်း မဖူးစေသတည်း။ စားချင်လျက် မစား ရတတ် သောက်ချင်လျက် မသောက်ရတတ် ဘုရားတကာကာ မချွတ်နိုင် ခြောက်ပြိတ္တာကြီးလျှင် ဖြစ်စေသတည်း။"

(ညောင်ဦးမြို့နယ်၊ မှန်ချို့ရွာကျင်းလဲရွှေဂူဘုရား၌ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ရွှေဂူဘုရားကျောက်စာ "

သက္ကရာဇ်(၆၀၄)ခုနှစ်တွင် အလှူရှင်သည် မိမိကောင်းမှုအတွက် ကျွန်အခြောက်အများကို အလုပ်အကျွေးပြုရန် လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"အရေးအရာယူသော လူ၊ ရဟန်းတို့သည် ဘုရားပွင့်က ဗုဒ္ဓါ အရဟန္တာဆု ရစေကုန်သတည်း။ အညှင်းအစဲမူသော လူ၊ ရဟန်းတို့သည်ကား မြေကမ္ဘာဘာကားအထက် အရင်တို့က အောက်ဖြစ်စေ၏။ အဝီစိသော ဘဝတိုင်အောင် လူနတ်တကာ ခပ်သိမ်းအကျိုးရကြပါစေသတည်း။"

(ရွှေဘိုမြို့ အနောက်ဘက်(၁၉)မိုင်ကွာ မြင်စည်ရွာ၊
ရွှေဂူဘုရားမှ မူလတွေ့ရှိ၍ ယခုမန္တလေးမြို့
နန်းတွင်းကျောက်စာရုံတွင်
ကျောက်စာတိုင်အမှတ်(၁၁၆/က)ဖြစ်သည်။)

---

အရင် = အကြင်



## " မြောင်သင်ကျောက်စာ "

သက္ကရာဇ်(၆၀၆)ခုနှစ်တွင် အလှူရှင်သည် ဘုရားအတွက် ကျွန်အခြောက်အများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤဘုရားငါလှူသော ဖျက်သောသူကား အဝီစိငရဲက အထက်အယင်သူကားအောက် ခံစေသတည်း။ အယင်စားသော ထမင်း ဟင်းကစ၍ ဝတ်သောပုဆိုး ဆိပ်ဖြစ်၍သေစေသတည်း။"

(မိတ္ထီလာ၊ စီရင်စု၊ သံတော-ဝမ်းတွင်း၊ ရွှေဂူရွာအရှေ့-
ဖောင်တော်ဦးဘုရားအတွင်း၌ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ငရံသင်ကျောက်စာ "

သက္ကရာဇ်(၆၀၉)ခုနှစ်တွင် အလှူရှင်ဖြစ်သော ငရံသင်သည် မိမိကောင်းမှုဖြစ်သော ကျောင်းအတွက် ကျွန်အမြောက်အများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါလှူခဲ့သော ကျောင်း၊ ဘုရား ကျွန်ကို ညှင်းဆဲဖျက်ဆီးသောသူကား အသေမလှသေ၍ ဒေဝဒတ်ခံသော ငရဲလျှင်ခံစေသတည်း။ ဘုရားအဖြစ်ဖြစ် မဖူးစေသတည်း။ သံသရာကျင်လည်ရာရာကား အဝီစိငရဲလျှင် ခံစေသတည်း။ ဘုန်းမကြီး အသက်မရှည်စေသတည်း။"

(မြင်းကပါရွာ၊ နဂါးရုံဘုရားအရှေ့မိုင်ဝက်ခန့်၊ ကုသိနာရုံ အနောက်မြောက် ဘိုးစောယာတွင်းမှရ၍ ယခုပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ရှိသည်။)



## " ငရောက်စသောသူတို့ကျောက်စာ "

သက္ကရာဇ်(၆၂၁)ခုနှစ်တွင် ငရောက်၊ ငလျောက်သား ရန်အောင်မြင်တို့သည် ဘုရားကျောင်းအတွက် လယ်မြေ အမြောက်အများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ငါကောင်းမှုကို ဖျက်သောသူကား အောက်အဝီစိမြေကြီးထဲငရဲနှစ်စေသော် အကမ္ဘာဘာဘုရားလည်း မဖူးစေသတည်း။ (ဤ)လူကယ်လက်ထက်လည်း အမျိုးခုနစ်ဆက်အားလုံး လူနှစ်ဆက် မဖြစ်စေသတည်း။ ဤကောင်းမှုကို ချီးပင့်ပါသောသူကား ငါနှင့် အတူရကြပါစေသတည်း။ မိခင်ဖခင်စသော အောက်အဝီစိ အထက်ဘဝဂ်တိုင်အောင် ရကြပါစေသတည်း။"

(စစ်ကိုင်းမြို့ တောက်ပြာသချိုင်းအနီးမှ စတင်ရရှိ၍ ယခုထုပါရုံကျောက်စာရုံတွင် အမှတ်(၄၈)ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## " အိုန်ရောက်သင်ကျောက်စာ "

သက္ကရာဇ်(၆၂၄)ခုနှစ်တွင် အလှူရှင်အိုန်ရောက်သင်သည် ကျောင်းအတွက် ထန်းပင်များနှင့် ကျွန်၊ နွားလှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ချီးပင့်ပါသောသူကား ငါနှင့်ထပ်တူ လူဖြစ်ကာ လူ့စည်းစိမ် နတ်တည်းဖြစ်ကာ နတ်တည်းစည်းစိမ် ခံစားရစေသတည်း။ မေတ္တေယျဘုရား ဖြစ်လစ်သောအခါ ဘုရား . . . ဝမ္မစကြာတရားကြားက အကျွတ်ရ၍ နိဗ္ဗာန်မည်သော မသေပြည်ဝင်စေသတည်း။ ရေ မြေ အသခင် မင်းလည်း ရပါစေသတည်း။ ဤငါ့အလှူကို ဖျက်ဆီးသောသူကား စားချင်လျက် မစားရတတ် သောက်ချင်လျက် မသောက်ရတတ်စေသတည်း။ ကမ္ဘာလျှင် လောင်သော အခါလည်း မလောင်ရာသော ကမ္ဘာတစ်ပါးသို့ လား၍ မြေကြီးအထဲ ငရဲခံစေ ကျက်စေလေသတည်း။"

(ပုဂံမြို့ အိုန်ရောက်သင်ကျောင်းမှ စတင်ရရှိ၍ ယခုမန္တလေးမြို့နန်းတွင်း ကျောက်စာရုံတွင် ကျောက်တိုင်အမှတ်(၅၁) ဖြစ်သည်။)



## " စိုးမင်းကြာသဝတ်လင်ယားကျောက်စာ "

သက္ကရာဇ်(၆၂၄)ခုနှစ်တွင် အလှူရှင်ဖြစ်သော စိုးမင်းကြာသဝတ်လင်မယားတို့သည် တန်တိုင်း၊ ဂူ ကျောင်း၊ စာသင်တိုက်များနှင့် ဇရပ်ပျက်တစ်ဆောင်၊ သိမ်၊ ပိဋကတ်သုံးပုံ တရားပလ္လင်နှင့် လယ်များ၊ ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ . . .**

"ဤငါ့ပြုသော ကောင်းမှုအကျိုးဖြင့်ကား လူ့ရွာ နတ်ရွာ သံသရာအရှည်ကျင်လည်ရစာ လူ့ရွာဖြစ်သည်။ လူ့ထက်အမြတ် မာရ်နတ်မင်း၏ စည်းစိမ်ကိုလျှင် လိုချင်သတည်း။ နတ်ရွာ ဖြစ်လည်း ဟူရရာသော နတ်ရွာတို့ထက် သာယာစွာဟု ဘုရားလောင်းတကာဖြစ်သော် မြတ်မြတ်သော နတ်ရွာ တုသိတာလျှင် ဖြစ်ချင်သတည်း။ လူ့ရွာ နတ်ရွာ စည်းစိမ်ချမ်းသာ စံပြီးသောကား ဘုရားမြတ်စွာ မေတ္တေယျလက်ထက် အမိုက်အမျက် ရန်မဲ့အံ့သော အရဟန္တာဖြစ်၍ နှစ်ဆက်မပြန် နိဗ္ဗာန် မည်သော မသေပြည်လျှင် ဝင်ရလေသတည်း။ ဤသို့ငါတို့ပြုသော ကောင်းမှုတို့ကို ငါ့သား ငါ့မြေး ငါ့ဆွေ ငါ့ဝါး သူတစ်ပါး လည်းကောင်း အလုအယက် အဖျက်အဆီး ဖူးရစ်သော သူတို့ကား မြေကြီးအထဲ အောက်ငရဲလျှင် ဆင်းငရဲကြီးစွာ ဝေဒနာကို ခံစားစေသတည်း။ အထောက်အပံ့ဆောင်မြှင်၍ အရေးအရံယူသော သူကားငါနှင့် အတူ လူ့စည်းစိမ်ခံစားပါ၍ အဆုံးစွန်ကား နိဗ္ဗာန်ချမ်းသာ ခံစားပါရစေကုန်သတည်း။"

(ပုဂံမြို့ ဖွားစောရွာတောင်ဘက် ကဋွန်းအိုကျောင်းမှ စတင်ရရှိ၍ ယခုမန္တလေးနန်းတွင်းကျောက်စာရုံတွင် ကျောက်တိုင်အမှတ်(၁၀၀/က)ဖြစ်သည်။)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## " ငမိုးသင်လင်မယားကျောက်စာ "

သက္ကရာဇ်(၆၂၅)ခုနှစ်တွင် အလှူရှင် ငမိုးသင်လင်မယား တို့သည် ငချမ်းသာ၊ ငချမ်းသာသား ငတော့သာ၊ ငပြည့်ဝတို့ကို ကိုယ်အရပ်တိုင်း၍ ဘုရားပြုလုပ်ပြီးလျှင် လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါလှူသော အလှူကို ဖျက်ရစ်သော သူကား အဝီစိငရဲ ကမ္ဘာထဲလျှင် ကျက်စေသတည်း။ ဘုရားဖြစ်ဖြစ် နှစ်ဆက်မဖူးရစေသတည်း။ ငါဖြစ်လေရာအရပ်၌ကား စည်းစိမ် ချမ်းသာ ကြီးစွာသောအဖြစ် ဖြစ်လိုသတည်း။ ဤကျွန်လှူရသော အကျိုးကား မေတ္တေယျဘုရားလောင်း ဘုရားအဖြစ်သရောကာ ဓမ္မစကြာတရားဦးနာ၍ ရဟန္တာအဖြစ်တိုင်ပြီးမှကား အဆုံးကား နိဗ္ဗာန်သုကို ဝင်ရလိုသတည်း။ အောက်ကားအဝီစိ အထက်ကား ဘဝဂ်တိုင် ရစားပါစေသတည်း။"

(ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ရှိသည်။)



## " မင်းဆရာဓမ္မရာဇကေဝိကျောက်စာ "

သက္ကရာဇ်(၆၃၀)ခုနှစ်တွင် မင်းဆရာဓမ္မရာဇကေဝိသည် မိမိ ကောင်းမှုဖြစ်သော စေတီပုထိုးကို ကျွန်များ၊ လယ်များ၊ နွားများ စသည်တို့ကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ငါပြုသော ငါ့ပုထိုး ငါ့ဘုရားကို အရေးအရုံယူသော သူကား ငါနှင့်အတူ ရစားပါစေသတည်း။ ငါ့ကျွန်၊ ငါ့လယ်၊ ငါ့နွားကို အနိုင့်အထက် ညှင်းဆဲသောသူကား ဤလူ့ထက်လည်း လူ့ချင်းမတူ အဘုန်းမကြီး အသက်မရှည်စေသတည်း။ ဘုရားအဖြစ် ဖြစ်လျှင်လည်း မဖူးရစေသတည်း။ အဝီစိကား အထက် ညှင်းဆဲသောသူကား အောက်ဖြစ်စေ သတည်း။ နှစ်ဆက်လည်းမပါစေသတည်း။"

(ပုဂံမြို့ မြင်းကပါရွာ၊ ဂူပြောက်ငယ်အနောက်ဘက်ရှိ အုတ်ကျောင်းကြီး၏ ပရဝဏ်အတွင်း အရှေ့မြောက်ထောင့်ရှိ ဂူဘုရားငယ်အမှတ်(၁၁၇၅/၆၉၈) မှရရှိ၍ ယခုပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " သမန္တပစေတ့လင်မယားကျောက်စာ "

သက္ကရာဇ်(၆၃၃)ခုနှစ်တွင် သမန္တပစေတ့လင်မယားတို့သည် မိမိလှူဒါန်းဆောက်လုပ်သော ကျောင်းအတွက် လယ်မြေအမြောက်အများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါလှူသောလယ်ကို ငါ့ဆွေ ငါ့မျိုးတွင်လည်းကောင်း၊ ရဟန်းလည်းကောင်း၊ လူလည်းကောင်း လုရစ်နိုင့်ထက်မူသောသူကား လူတွင် အဘုန်းမကြီး အသက်မရှည်စေသတည်း။ မင်းဘေးဒဏ်ကြီးစွာသင့်စေသတည်း။ မီးဘေး၊ ရေ၊ မိုးကြိုး၊ ပုဆိန်ဘေး၊ သစ်ကျားလဝံဘေး သမာကုဍ္ဍမဖြစ်ရာသော အနာဘေး ကြီးစွာစွာသင့်၍ ဘတ်တလတ်လျှင် သေစေသတည်း။ သေသော်လည်း အဝီစိကျက်စေသတည်း။ ဘုရားဖြစ်ဖြစ်လျှင် မဖူးစေသတည်း။ ဤငါလှူသော ရတနာကို အရေးအရုံယူသော ထောက်ပင့်သောသူကား ဤငါပြုသော ငါ့အလှူကောင်းမှု၏ အကျိုး၊ ငါရစံသောအကျိုးနှင့်ထပ်တူလျှင် ရစေသတည်း။ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားပြီး၍ အဆုံးကား ပစ္စေကဗုဒ္ဓါဆု ရဟန္တာဆုရ၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ချမ်းသာလျှင် ခံစားစေသတည်း။ "

(ပုဂံမြို့ မင်းနန်းသူရွာ၊ အားမနာကျောင်းတောင်ဘက် အုတ်တိုက်အတွင်း၌ရှိသည်။)

---

ဘတ်တလက် = ရုတ်တရက်၊ ချက်ခြင်း

BURMESE CLASSIC .com



## " သူကြွယ်ဥပကုတ်ကျောက်စာ "

သက္ကရာဇ်(၆၃၆)ခုနှစ်တွင် အလှူရှင် သူကြွယ်ဥပကုတ်သည် လယ်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါ့ကောင်းမှုကို ချီးပင့်သောသူကား ငါနှင့်ထပ်တူ ရစားပါစေသော် ဖျက်သောသူကား ကိုယ်လက်ပေါက်ပြဲ အရှင်ငရဲခံစေသတည်း။ ဤမှမနေ သေခဲ့သော်လည်း အဝီစိအထဲ ငရဲကြီးလျှင် ကျစေသတည်း။"

(စစ်ကိုင်းမြို့ မြင်းမူမြို့မြောက်ဘက်၊ ထီးဆောင်းရွာ ဆုတောင်းပြည့်ဘုရား၌ရှိသည်။)

## " တရုတ်ပြေးမင်းကြီး၏ကျောက်စာ "

သက္ကရာဇ်(၆၃၆)ခုနှစ်တွင် တရုတ်ပြေးမင်းကြီး၏အမတ်သည် နိဗ္ဗာန်ချမ်းသာကိုလိုသောကြောင့် အာမနာမြေအရပ်၌ တန်တိုင်းပြု လုပ်၍ထိုတန်တိုင်းအတွင်း ကုလားသာအိုးနှင့်တူသောစေတီနှင့် ဂူဘုရားကြီးလည်းပြုလေသည်။ ဘုရားဟောသော နိကာယ်ငါးပါးထားရန် အတွက် ကျောင်းနှင့် တန်ဆောင်းပြု၍ လယ်များစွာ လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါပြုသော ကောင်းမှုအကျိုး ရေမြေခံသိမ်း အသခင် ဖြစ်ထသော မြတ်သောမင်းကြီး ရစေ၏။ အမတ်တျာရာသော

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ပါခပ်သိမ်း အောက်အဝီစိ အထက်ဘဝဂ် ထိုအပြင် အတိုင်းမသိသော စကြာဝဠာ၌နေသော သိကြား ပြဟ္မာ စတုလောကပါလ နတ်မင်းစသော တတောယမမင်း လူစသော သတ္တဝါခပ်သိမ်း ငါကောင်းမှု အကျိုးရစေကုန်၏။ ညီငါမှုသော ကောင်းမှု အကျိုးဖြင့် နိဗ္ဗာန်မရောက်သော ကြားလူဖြစ်ကာ လူတကာထက် မြတ်သော၊ ချမ်းသာနတ်ဖြစ်ကာ နတ်တကာ ထက်မြတ်သော ချမ်းသာကို လို၏။ အဆုံးစွန်ကား အရဟတ္တဖိုလ်မည် သော အကျွတ်တရား ပွင့်လတ်၍ ငြိမ်းသိမ်းစွာသော နိဗ္ဗာန်ချမ်းသာ ငါလို၏။ ညီငါလိုသော ကောင်းမှုကို ဘုန်းတန်ခိုးကြီးသော သဒ္ဓါအင်အား နှင့် ပြည့်စုံ၍ အရေးအရုံမှုသော သူကား ညီလူတွင် ဖြစ်လေရာ အရပ်၌ အသက်ရှည်အနာနည်း အသံသာသော အဆင်း လှသော ဖြစ်၍ အဆုံးကား မိမိလိုဟုတောင်သော ဆုရသော ဖြစ်၍ ဘုရားပစ္စေကဗုဒ္ဓါ တပည့်သား ဝင်ရာဖြစ်သော နိဗ္ဗာန်ဝင်စေ ကုန်သတည်း။”

(ပုဂံမြို့ မင်းနန်သူရွာ၊ မလုံးဖြစ်ဘုရားတန်တိုင်းမှစတင်ရေ၍ ယခုဘုရားအမှတ်(၃၄၄) မလားဖြစ်ဘုရားအတွင်း၌ ရှိသည်။)



## “ စတုရင်္ဂဗိဇယ်သမိးမောင်နှံကျောက်စာ ”

သက္ကရာဇ်(၆၄၀)ခုနှစ်တွင် ပုဂံပြည်အရှေ့ရှိ ထီလုကုန်းအရပ် မဟာသမန်ကြီးကျောင်း၌ အလှူရှင် စတုရင်္ဂဗိဇယ်လင်မယားတို့သည် နိဗ္ဗာန်ဆုကိုလိုသောကြောင့် လယ်မြေအမြောက်အမြားနှင့် ကျွန်များကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

“ငါ့အလှူကိုချီးပင့်ဆောင်မသော သူကား ငါ့အတူလျှင် ရစေသတည်း။ သဗ္ဗသတ္တဝါ ခပ်သိမ်းလည်း ရစားပါစေ၏။ ငါ့အလှူကို ဖျက်ဆီးသောသူကား သိန္ဒိုးစသောငရဲကြီး(၈)ထပ်၌ ကျက်စေ၏။ ကမ္ဘာလျှင်လောင်သော်လည်း မလောင်ရာသော စကြာဝဠာ၌ရှိသော ငရဲကြီး(၈)ထပ်သို့ ကျက်စေလေ၏။ ငရဲသစ်ငုတ်ဖြစ်စေ၏။ ငါ့အလှူ အကျိုးဖြင့်ကား သဗ္ဗညုတ ဉာဏ်ကိုရသော ဘုရားဖြစ်ချင်၏။”

(ပုဂံမြို့ မင်းနန်သူရွာမြောက်ဘက် ထီလုကုန်းဘုရားခေါ် (မောင်ရုံးဂူ) ဘုရားအမှတ်(၃၀၉)၌ ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " သိခင်မဟာစိတိလောကရင်သိကျောက်စာ "

အလှူရှင် သိခင်မဟာစိ တိလောကရင်သိသည် သက္ကရာဇ်(၆၄၁)ခုတွင် ကျွန်များကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

"အရေးအရံယူသော လူ၊ ရဟန်းတို့ကား ဘုရားပဋ္ဌေကဗုဒ္ဓါ အရဟန္တာဆု ရစေကုန်သတည်။ အညှင်းအဆဲမူသော လူ၊ ရဟန်းတို့ကား အယင်တို့ကအောက် မြေကမ္ဘာက အထက် ဖြစ်စေသတည်း။ အထက်ကား ဘဝဂ်တိုင်အောင် အောက်ကား အဝီစီတိုင်အောင် အကျိုးရစားပါစေသတည်း။"

(ရွှေဘိုခရိုင်၊ မြင်စည်ရွာ၊ အရှေ့ကျောင်းမြောက်ဘက်မှ စတင်ရရှိ၍ ယခုမန္တလေးမြို့ နန်းတွင်းကျောက်စာရုံတွင် အမှတ်(၃၀၁)ဖြစ်သည်။)



## " သတင်းသည်အပယ်ငယ်ကျောက်စာ "

အလှူရှင်သတင်းသည်အပယ်ငယ်သည် သက္ကရာဇ်(၆၄၅)ခုတွင် ရတနာသုံးပါးကို ကြည်ညိုသဖြင့် ကြည်ညိုဖွယ်သော နှလုံးဖြင့် သဗ္ဗသတ္တဝါ လူ့ခတ်သိမ်းတို့ကို မိမိပြုသောကောင်းမှုအဖို့ကို ခွဲဝေပေး၍ ရွှေဆင်းတု(၃)ဆူနှင့် သားစဉ်မြေးဆက် ဘုရားအား အလုပ်ကျွေးပြုရန် ကျွန်များကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

"ဤကောင်းမှုတော် အနုမောဒနာမှုပါသော ဆောင်မခြင် ပါသော အစဉ်(၇)ဆက် အရေးအရာယူပါသောသူကား ငါနှင့်အတူ ရစေသတည်။ ငါ့ကောင်းမှုကို နိုင့်ထက်ဖျက်စီးသောသူကား ဘုန်းမကြီး အသက်မရှည်စေ၊ မြေကအထက် အယင်ကအောက် ကမ္ဘာအထက် ငရဲကြီးနှစ်ဆင့်မပေါ် ခံစေသတည်။ ဘုရားဖြစ်ဖြစ် မဖူးစေသတည်း။"

(မန္တလေးမြို့ နန်းတွင်းကျောက်စာရုံတွင် အမှတ်(၇၄/က)ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## " မင်းအိမ်ကြီးကျောက်စာ "

အလှူရှင်မင်းကြီးအိမ်သည် သက္ကရာဇ်(၆၄၆)ခုတွင် မိမိ၏ ကောင်းမှုဖြစ်သော ကျောင်း၌ လယ်များ၊ ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါပြုသော ကောင်းမှုအကျိုးဖြင့် ယောက်ျားဖြစ်၍ သုံးလူ့ဆရာဘုရားသခင် သာသနာကို ချီးပင့်လျက်လျှင် လိုသောဆုကိုရခြင်းသတည်း။ ဤကောင်းမှုကို ဖျက်ဆီးလုယက် စားသောသူကား လူတွင်လျှင်လည်း အနာများသော ဆင်းရဲကြီးသော အသက်တိုသကစသော အန္တရာယ်ရောက်စေသတည်း။ သေသော်လည်း သရေပစ္စရာကစေသော ညောင်ဦးတိုင်အောင်ရှိသော မြေပုံအလုံးအတိုင်း အကမ္ဘာဘာလျှင် ဘုရားဖြစ်သော ဒေဝဒတ်ခံခြင်းထက် အစတစ်ရာ အစတစ်ထောင် အစ တစ်သောင်းကို စောင်းပြန်မအားမူ၍ အဝီစိငရဲလျှင် ဖြစ်စေသတည်း။ ဤငါလှူသောကောင်းမှုကို မိုးနှောင်းသဲထင် ဘုန်းတန်ခိုးအင်အားနှင့် ပြည့်စုံသော သူမြတ်တို့သည် အရေးအရာယူပေးသောသူကား ဤလူတွင်လည်း အနာမရှိသောဖြစ်၍ အသက်ရှည်စွာ နေရစေသတည်း။ ဆင်းရဲမဲ့မူ၍ စည်းစိမ်ပါရစေသတည်း။ အတည့်မဲ့သောတရားဖြစ်ခဲ့သော်လည်း သံသရာတွင် ကျင်လည်ရရာကား ဆင်းရဲမွန်မသိမူ၍ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားရပြီးမှ အဆုံးကား လိုသောဆုရ၍ နိဗ္ဗာန်ချမ်းသာအား ရောက်စေကုန်သတည်း။"

**(ပုဂံမြို့ မင်းနန်းသူရွာ၊ လေးမျက်နှာဘုရားကျောက်တစ်ရုံတွင် အမှတ်(၁၀)ဖြစ်သည်။)**



## " သိခင်ရာဇသူနှင့်အမိပွားစောကျောက်စာ "

သက္ကရာဇ် (၆၅၃၊၅၃၁၊၆၅၂)ခုတွင် အလှူရှင် သိခင်ရာဇသူနှင့် အမိပွားစော ကျစွာမင်းကြီး၏မြေးသည် ဖခင်ကျောင်း၌ ရတနာသုံးပါး သာသနာငါးထောင်တည်ရန်အတွက် လယ်မြေများ၊ ကျွန်များ၊ နွားများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"သာသနာငါးထောင်လျှင် တည်ရစ်စေအံ့ဟုလှူခဲ့သော ဤကောင်းမှုကို အရေးအရာယူပါသော သူတော်တို့ကား ငါ၏ ကောင်းမှုအကျိုးဖြင့်လျှင် ညောင်ဦးစသော သိရိပစ္စယာ မြေပုံလုံးမျှ ဖြစ်ထသော ဘုရားသိခင်တို့၏ တင့်တယ်ခြင်းကို ကြီးစွာစွာသော စည်းစိမ်ဖြင့် ဖူးမြင်ရစေသတည်း။ ဖျက်ဆီးသော သူကား ထိုမျှလည်းကောင်းသော ဘုရားတို့ကို မဖူးရဘူ၍ နိယတ မိစ္ဆာဒိဋ္ဌိခံခြင်းလျှင် ခံရစေသတည်း။ ငါလည်း ဤကောင်းမှု အကျိုးဖြစ်လျှင် ကြီးစွာစွာသော စည်းစိမ်တိလျှင် စေစေဖြစ်လျက် ရောင်ဆင်းလှစွာ၊ သီတင်းရှိစွာ၊ သဒ္ဓါစွာ ဖြစ်ရရာလေ ဇာတိသရဉာဏ် ပညာနှင့် ပြည့်စုံလို မေတ္တာယျဘုရားသခင် လက်ထက်၌လျှင် အဿတိသဒါန်မည်သော အလှူကြီးကို ပေးရလို၏။ အဆုံးစွန်သောကို သံသရာဆိုးငရဲမှ ကယ်ပေးလျက် လူ နတ်ခတ်သိမ်းသောကို သံသရာဆိုး ငရဲမှ ကယ်ပေးလျက် နိဗ္ဗာန်ပြည်ကြီးသို့ ပင့်ဆောင်ပေကုန်လျှင် သဗ္ဗညုတဉာဏ် ဘုရားဆုလျှင် ပြည့်စံချင်၏။"

**(ပုဂံမြို့ မင်းနန်းသူရွာ၊ စောလုဝန်ဘုရားအတွင်းမြောက်ဘက်မှ ကျောက်စာဖြစ်သည်။)**

www.burmeseclassic.com

www.burmeseclassic.com



## " သူကြွယ်ကြွမ်သင်ကျောက်စာ "

အလှူရှင် သူကြွယ်ကြွမ်သင်သည် သက္ကရာဇ်(၆၆၅)ခုတွင် မိမိကောင်းမှုဖြစ်သော ဘုရား၊ ကျောင်းအတွက် လယ်မြေများကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤအလှူကို ချီးပင့်သော နှစ်လိုပါသော ဆောင်မခြင်သော သူကား အတူရစေးပါစေသတည်း။ ဖျက်ဆီးသော သူကား မြေကြီး ကားအထက် အရင်ကအောက် ဖြစ်စေသတည်း။ လူ့အဖြစ်နှစ်ဖန် မပြန်မဖြစ် အဝီစီငရဲလျှင် ကျက်စေသတည်း။ အကျိုးကား ဖြဗ္ဗာခပင်းရပါစေသတည်း။"

(မန္တလေးမြို့ နန်းတွင်းကျောက်စာရုံတွင် အမှတ်(၆၈)ဖြစ်သည်။)



## " သိခင်ကုနကမ္မိကျောက်စာ "

အလှူရှင် သိခင်ကုနကမ္မိသည် သက္ကရာဇ်(၆၅၆)ခုတွင် မိမိကောင်းမှုဖြစ်သော ဘုရားကို အလုပ်အကျွေးပြုရစေရန်အတွက် ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါပြုသောကောင်းမှုကို ဖျက်သောသူကား အပြစ်ဆယ်ပါးတွင် တစ်ပါးပါးရောက်စေသတည်း။ မြေကမ္ဘာအထက် အရင်ဖျက်သော သူကားကမ္ဘာအထဲလျှင် ကျက်စေသတည်း။ ဘုရားအဖြစ်ဖြစ် မဖူးစေသတည်း။ လူနှစ်ဆက်လျှင် မဖြစ်စေသတည်း။"

(မန္တလေးမြို့ နန်းတွင်းကျောက်စာရုံ ကျောက်စာတိုင်အမှတ်(၇၂/ခ)ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## " စစ်သူကြီးလက်ဝဲအမတ်ကြီးကျောက်စာ "

အလှူရှင် စစ်သူကြီးလက်ဝဲအမတ်ကြီးသည် သက္ကရာဇ်(၆၆၇) ခုတွင် မိမိပြုသော ဘုရား၊အတွက် လယ်မြေများကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

"အကြင်ငါသည် မြေလှူရသောအကျိုးကား ဆင်မြူသခင် မင်း၏ဝသော အမိဖုရား မောင်းမခပ်သိမ်းသာ၏စသော အမတ်တာရာခပ်သိမ်းလျှင် ရစားစေသတည်း၊ အောက်ကအဝီစိ အထက်ဘဝဂ်တိုင်အောင်ရှိသော သတ္တဝါခပ်သိမ်းရစားစေကုန် သတည်း၊ ငါလှူသော ဤမြေကို ဖျက်ဆီးရစ်သော အကြင်သူတို့ သည်ကား မြေပုံလုံးမျှကြုံမက အဝီစိငရဲခံစေ သတည်း။ အတိုင်းမသိသော ကမ္ဘာကြီးထက် အဖြစ်အကုဋေ လျှင် ကျင်လည်သော်လည်း ဤမြေကာအထက် ငါလှူသော ဘုရား သင်ပုတ် လယ် ဖျက်ဆီးရစ်သောသူတို့ကား မြေကြီးထဲ ငရဲနှစ်စေသတည်း။ အကမ္ဘာဘာထက်ဘုရားဖြစ်တည်း မဖူးစေ သတည်း။ ဘုရားချတ်သော မကျွတ်စေသတည်း၊ ငါလှူထသော ဤမြေကို ငါလျှင်မရှိသော်လည်း ချီးပင့်ရစ်သော အရေးအရံ ယူရစ်သော အနုမောဒနာခေါ်ပါသော ကြည်ညိုပါသော သူတို့သည်ကား ငါနှင့်ထပ်တူ ရစားစေသတည်း။ ဘုန်းကြီးစေ သတည်း။ လို၍တောင်းသော ဆုတောင်းပြည့်စုံစေ သတည်း။ အကြင်ငါသည် ဤမြေလှူရသော အကျိုးကား နိဗ္ဗာန်ဆုသည် မရောက်သရွေ့ကား လူ့စည်းစိမ် နတ်စည်းစိမ် မပိတ်ပင်လို၊ ဆင်းရဲသောအဖြစ် ယုတ်မာသောအဖြစ် မိစ္ဆာဒိဋ္ဌိ အမြင်မှားသော



အဖြစ်တို့ကို မျက်ရှေ့မြင်သည်ကိုထား၍ နားမှလျှင် မကြားခြင်း အဆုံးစွန်ကား သဗ္ဗညုဘုရားဆုလျှင် တိုင်လိုသတည်း။"

(ကျောက်ဆည်မြို့ အနောက်တောင်(၄)မိုင်ခန့်ရှိသော သာဂိုရွာတောင် ရွှေဘုံသာဘုရားမှ စတင်ရရှိ၍ ယခုကျောက်ဆည်ကျောက်စာရုံအမှတ်(၁၀)ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## " စစ်သူကြီးတုရင်ကပိုကျောက်စာ "

သက္ကရာဇ်(၆၇၀)ခုတွင် အလှူရှင် စစ်သူကြီးတုရင်ကပိုနှင့် အဖဖြစ်သူတို့သည် ဘုရားကျောင်းအတွက် မြေအမြောက်အများ လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

"ငါပြုသောကောင်းမှုကို ချီးပင့်ပါသောသူကား ငါနှင့်အတူ ရစားပါစေသတည်း။ လူဖြစ်လည်း လူ၏စည်းစိမ် နတ်ဖြစ်လည်း နတ်၏စည်းစိမ် မပိတ်မပင် ရစားပါစေသတည်း။ ငါ၏ကောင်းမှုကို ဖျက်သောသူကား ဝါဂွမ်းတစ်လုံးကိုဖုတ်သော အကြွင်းမရ သကဲ့သို့ ဖြစ်စေကုန်သတည်း။ လူဖြစ်သော်လည်း လူကောင်းမဖြစ် အနအာဝဲဖြစ်၍မစားရတတ် မဝတ်ရတတ် မသောက်ရတတ် လူဆင်းရဲ လူပြိတ္တာလျှင် ဖြစ်စေကုန်သတည်း။ လူအဖြစ်မှ သေခဲ့သော်လည်း ငရဲသစ်ငုတ်လျှင် ဖြစ်စေကုန်သတည်း။ ဘုရားဒကာလာ၍ ချွတ်လည်း မကျွတ်အပ်သည့် ငရဲသတ္တဝါလျှင် ဖြစ်စေကုန် သတည်း။"

(မြင်းမူမြို့ အနောက်မြောက် (၁၆)မိုင်အကွာ ပဒတ်ထိုင်းရွာ ရွှေစည်းခုံဘုရား၌ရှိသည်။)



## " သူကြွယ်မသေယ်သင်မယားကျောက်စာ "

သက္ကရာဇ်(၆၇၃)ခုတွင် သူကြွယ်မသေယ်သင်မယားသည် ကျောင်းအတွက် ကျွန်တစ်ကျိပ်တစ်ယောက်၊ လယ်(၆)ပယ် လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ . . .

"ဤငါ့အလှူကို ဖျက်ရစ်သောသူကား ဘုန်းမကြီး အသက်မရှည်စေတသည်။ အစီစိငရဲလျှင် ကျက်စေသတည်း။ အကမ္ဘာဘာလျှင် ဘုရားမဖူးစေသတည်း။ ဘုရားဖြစ်၍ဟူသည် နာမျှလျှင်မကြားစေသတည်း။ ဤငါပြုသောကောင်းမှုကို ချီးပင့် ပါသောသူကား ငါနှင့်ထပ်တူ အကျိုးရစားပါစေသတည်း။ ငါပြုသောကောင်းမှုအကျိုးကား အထက်ကားဘဝဂ်တိုင်အောင် အောက်ကားအဝီစိ(၁၀) ဖိလားကား အနန္တစကြာဝဠာတိုင်အောင် နေသော လူနတ်တကာ ငါနှင့်အတူ အကျိုးရစေသတည်း။"

(ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ စော်ရဲရွာအရှေ့ ရွှေဇာလီကျောင်းအနောက်မြောက် တစ်ဖာခန့်အကွာ ဘုရားကုန်းဘုရား၌ ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ဆုံသည်အိုမ်ကန်တူကျောင်းကျောက်စာ "

သက္ကရာဇ်(၆၇၇)ခုတွင် အလှူရှင် ဆုံသည်အိုမ်ကန်တူသည် မိမိကျောင်း၌ ကျွန်များနှင့်ယာတစ်ခင်းကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ဤငါလှူသောကောင်းမှုကို နှောင်ဖျက်ဆီးသောသူတို့ကား ငရဲကြီး(၈)ထပ် ငရဲငယ်(၁၂၈)ထပ်သော အရပ်၌လျှင် ကျက်စေသတည်း။ ဤငါ့ကောင်းမှုကို မြွတ်နိုးပါသော သူတို့ကား မေတ္တေယျဘုရားသခင်၌လျှင် အကျွတ်တရားရစေကုန်သတည်း။

(မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အနိမ့် ရွှေဂူဘုရား၊ မဟာဒါန်တိုက်မှ စတင်ရရှိ၍ ယခုမန္တလေးမြို့နန်းတွင်းကျောက်စာရုံတွင် အမှတ်(၉၁)ဖြစ်သည်။)



## " ကျောင်းသည်ပြည့်ညီလင်မယားကျောက်စာ "

သက္ကရာဇ်(၆၇၇)ခုတွင် အလှူရှင်ကျောင်းသည်ပြည့်ညီ လင်မယားတို့သည် စတုရင်ကပိုကို ပန်သောမြေနှင့် အဝတ်အစားများကို ငှင်းကျောင်းသည် ပြည့်ညီလင်မယားတို့သည် နိဗ္ဗာန်ဆုကို လို၍ ဓမ္မသာလာနှင့် သိမ်၊ ကျွန်၊ လယ်တို့ကို လှူတော်မူခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ဤကောင်းမှုကိုဖျက်သောသူတို့ကား ပဉ္စာနန္တရိယ်ငရဲ ခံစေသတည်း။ ချီးပင့်ပါသောသူတို့တကား ငါတို့နှင့်အတူ ရစားပါစေသတည်း။ သဗ္ဗသတ္တဝါ၊ လူနတ်တကာအားလုံး ရစားပါစေသတည်း။"

(မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အမြင့် တန်ဆောင်းရွာအနီး စနေနံကုန်း၌ ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " မဟာအနာထပိန်သူဌေးကျောက်စာ "

သက္ကရာဇ်(၅၆၉၊ ၆၈၂)ခုတွင် အလှူရှင်မဟာအနာထပိန်သူဌေးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရည်ရွယ်၍ ကျောင်း၌ ကျွန်အမြောက်အများကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ဤငါလှူသောကိုဖျက်ရစ်သူကား အထုအပယ်ငနှာနှစ်သိန်း အမြတ်လေးသောင်းရှိသော မြေကြီးကအထက် အယင်ကအောက် ခံရစ်စေသတည်း။ ဘုရားအဖြစ်ဖြစ်လည်း မပူးစေသတည်း။"

(မကွေးမြို့နယ်၊ မြင်ကွန်းကျေးရွာ၊ သိမ်ဘုရား၏ အပြင်ဘက်၌ရှိသည်။)



## " မိဖုရားအိုမ်ပြည့်သင်ကျောက်စာ "

သက္ကရာဇ်(၆၈၃)ခုတွင် စည်သူမင်းကြီး၏မယား မိဖုရားအိုမ်ပြည့်သင်သည် တူရင်းတောင်၌ကူပြု၍ မြေများ၊ ထန်းပင်များကို လှူဒါန်းခဲ့သည်။

ဆုတောင်းစာနှင့်ကျိန်စာ ...

"ငါ့အလှူကိုဖျက်သော စီးသောသူကား လူ့ကဲလက်ထက် ချမ်းသာမရစေသတည်း။ ဒေဝဒတ်ခံခြင်း ဆောင်းပြန်မအား ခံစေသတည်း။ ပျက်စီးပြုန်းတီးစေသတည်း။ စားခြင်လျက် သောက်ခြင်လျက် ရှိစေသတည်း။ ငါ့ကောင်းမှုကို နှိုးပင့်ပါသော သူတော်တို့ကား ငါနှင့်ထပ်တူ ရစားပါစေသတည်း။"

(ပုဂံတူရင်းတောင် ကျောက်စာရုံအတွင်း ကျောက်စာတိုင် အမှတ်(၃)ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ရတနသင်္ကြံမယားကျောက်စာ "

သက္ကရာဇ်(၆၈၈)တွင် ရတနသင်္ကြံမယားသည် လယ်နှင့်ကျွန်များကို လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤကောင်းမှုကို အရေးအရုံယူပါသော မင်းကြီးစသော မိဖုရားသက်တော်ရှည်အမတ်တို့ကား ငါနှင့်အတူ ရစားပါစေသတည်း။ ဤငါ့ကောင်းမှုကို ဖျက်ရစ်သောသူကား ဘုရားမတွေ့ယျ မဖူးစေသတည်း။ အဝီစိအထဲငရဲနှစ်စေသတည်း။ အကမ္ဘာဘာပြိတ္တာကြီးလျှင် ဖြစ်စေသတည်း။"

(ကျောက်ဆည်မြို့ သန်ရွာ၊ ဗြောင်ဆည်ထိပ်၌ရှိပြီး ယခုဂူနှင့်ရှိသည်။)



## " ဖုမ္မသိခါစသောသူတို့ကျောက်စာ "

သက္ကရာဇ်(၆၆၀၊၆၆၁)ခုတွင် စေတီကျောင်းအတွက်အလှူရှင် ဖုမ္မသိခါနှင့် ဖုမ္မချစ်တရာတို့သည် လယ်မြေအမြောက်အများကို ကျောင်းအတွက် လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့်ကျိန်စာ ...**

"ဤငါပြုသောကောင်းမှုကို ဖျက်ဆီးသောသူကားအဖြစ် သံသရာကျင်လည်ရရာ လူဖြစ်သော်လည်း လူပြိတ္တာလျှင် ဖြစ်စေသတည်း။ တိရစ္ဆာန်ဖြစ်သော်လည်း ပြိတ္တာအဖြစ် ဖြစ်စေသတည်း။ မြေကြီးအထဲ ငရဲအဝီစိ ပျက်စေသတည်း။ ငါပြုသောကောင်းမှုကို အရေးအရုံယူပါ၍ ချီးပင့်ပါသောသူကား ဖြစ်လေရရာ စည်းစိမ်ချမ်းသာကြီးစွာစွာလျှင် ဖြစ်စေသတည်း။ ငါနှင့်အတူ တကွ ရစားပါစေသတည်း။"

(မြင်းမူမြို့နယ်၊ အလွှကပ္ပရွာ၊ ရွှေဂူဘုရားအရှေ့ဘက် ကုန်းပြင်၌ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



## " ခင်မွန်တောကျောင်းကျောက်စာ "

သက္ကရာဇ်(၆၇၇)ခုတွင် အလှူရှင်သည် မိမိပြုသောစေတီ၌ ကျွန်သုံးယောက်ကို အလုပ်အကျွေးအဖြစ် လှူခဲ့သည်။


ဆုတောင်းစာနှင့်ကျိန်စာ ...

"ဤငါ့အလှူကို မိုးနှောင်းသဲထင်ဘုန်းတန်ခိုးကြီးသော သဒ္ဒါအင်အားနှင့်ပြည့်စုံသော သူတော်သူမြတ်တို့ လည်းကောင်း ငါ့ဆွေ ငါ့မျိုးတို့သည် ...

အရေးအရာယူ၍ပေးသော သူတော်တို့သည်ကား ဤလူ့တွင်လည်း အနာမဖြစ်၍ ဘေးအန္တရာယ်ကင်းသော သတာရခပ်သိမ်း ပျောက်၍ နှလုံးချမ်းသာကိုယ်ချမ်းသာဖြစ်၍ စည်းစိမ် ချမ်းသာနှင့်ပြည့်စုံလျှင် ဖြစ်စေလျှင်တည်။ အတည်မှုသော တရားဖြစ်ခဲ့သော်လည်း လူ့စည်းစိမ် နတ်စည်းစိမ် ခံစားပြီးသော အဆုံးစွန်းကား နိဗ္ဗာန်သုအား ရောက်ရစေ ကုန်သတည်း။ ဤငါလှူခဲ့သော အလှူကို ဖျက်ဆီးလုယက်စားသော သူတို့သည်ကား ဤလူ့တွင် အနာများသော ဆင်းရဲကြီးသော အသက် တိုသော ဘေးအန္တရာယ်ကင်းသော သတာရခပ်သိမ်းရောက်စေ သတည်း။ သေသော်လည်း ခင်မွန်စသော ကွဲမစားတိုင်အောင် မြေပုံလုံးအတိုင်း အကမ္ဘာဘာလျှင် ဘုရားပြစ်သော ဒေဝဒတ် ခံခြင်းထက် အဆတစ်ရာ အဆတစ်ထောင် အဆတစ်သောင်းကို မစောင်းမပြန်ရောက်မူ၍ အဝီစိအထဲလျှင် ကျက်စေသတည်း။ ဤငါလှူသောအကျိုးကား ဘုရားအဖြစ်ဖြစ်ကို မချွတ်လျှင် ဖူးမြင်ရ၍ လူ့စည်းစိမ် နတ်စည်းစိမ် ... နိဗ္ဗာန်ဆုလျှင်သတည်း။"

(မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၊ခင်မွန်ရွာအရှေ့တောင် တောကျောင်းဘုရားအရှေ့တောင်ဘက်တွင်ရှိသည်။)

သတာရ = ရန်ဘေးဒုက္ခ



ကျောင်းသည်ပြည့်ညီကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

## " ကိုးကားကျမ်းစာရင်း "

ငြိမ်းမောင်၊ ဦး ။ ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)

ငြိမ်းမောင်၊ ဦး ။ ရှေးဟောင်းမြန်မာကျောက်စာများ (ဒုတိယတွဲ)

ငြိမ်းမောင်၊ ဦး ။ ရှေးဟောင်းမြန်မာကျောက်စာများ (တတိယတွဲ)

www.burmeseclassic.com